

## ကြယ်တွင်းဆိုတာ

ကိုမြအေး
ဖက်ဒရယ်ဒီမိုကရက်တစ် အင်အားစု

ကိုသက်ဇော်က သူ့စာအုပ်မှာ အမှာစာရေးပေးဖို့ ပြောသည်။ စာအုပ်က ထောင်တွင်း ကြုံဆုံခဲ့ရသည့် ဖြစ်ရပ်များမှ တစ်ခု။ တကယ်တော့ ထောင်အကြောင်းကို မရေးချင်။ သူလည်း ရေးချင်လိမ့်မည်ဟုမထင်။ ထောင်ထွက်လက်မှတ်သည့် ထမင်းစား လက်မှတ်မဟုတ်ဆိုသည်မှာ နိုင်/ကျဉ်းများအားလုံး၏ခံယူချက်။ သို့သော် တချို့အကြောင်း အရာများမှာ ပြောမှ သိ၊ ရေးမှ ထိလိမ့်မည်။ ထို့ကြောင့် ကိုသက်ဇော်ရေးသည်ဟု မြင်၏။

ဒီတစ်ခေါက်ထောင်ကျတော့ တိုင်းရင်းသားဒေသထောင်များသို့ ပို့ခံရသည်။ ကိုသက်ဇော်၊ ကိုဂျင်မီတို့က တောင်လေးလုံးထောင်။ ကျွန်တော်က လွိုင်ကော်ထောင်။ ကျန်းမာရေး အခြေအနေကြောင့် လွိုင်ကော်မှ ဆေးရုံတက်ရပြီး တောင်လေးလုံး ထောင်ကို ထပ်ပြောင်းရသည်။ ကိုသက်ဇော်တို့နှင့် တစ်ထောင်တည်း ဖြစ်သွားသည်။ တိုက်ကတော့ မတူ။ ကျွန်တော်က သေဒဏ်များနှင့် အပေါ်ထပ် အောက်ထပ် အတူ နေရသည်။ သေဒဏ်များဆိုတော့ စရိုက်မျိုးစုံ၊ ဇာတ်လမ်းမျိုးစုံ၊ ရှုထောင့်မျိုးစုံတွေကို ကြားရသည်။ စိတ်မကောင်းစရာတွေလည်း တွေ့မြင်ရသည်။ ရှေးရိုးဆန်သော အစွဲ အလန်းများနှင့် တိုင်းရင်းသား ကျေးလက်နေ ပြည်သူများ၏ ဘဝ။ ပုံပြင်ဆန်သော တကယ့် ဖြစ်ရပ်များ။ ကိုသက်ဇော်၏စာအုပ်က ဤဖြစ်ရပ်များမှ အစတစ်စကို ဆွဲထုတ်ပြထားသည်။ ကြယ်တွင်းဆိုသည်မှာဘာလဲ။ တိုင်းရင်းသားတချို့၏ ဘဝများမှာ ဘာလဲ ဘယ်လဲ။ ဤစာအုပ်ကို ဖတ်၍ စဉ်းစားစာနာနိုင်ရန်ဖြစ်သည်။ စီနီယာ နိုင်ငံရေးသမားကြီးများက ပြောသည်။ နိုင်ငံရေးသမားဆိုသည်မှာ မိမိရောက်လေရာ ပတ်ဝန်းကျင်၏ အကျိုးကို ဆောင်ကျဉ်းနိုင်ရမည်။ အခွင့်ထူးခံ မဖြစ်ရ။ ထို့ကြောင့် ကိုသက်ဇော်၏ စာအုပ်သည် သူရောက်ခဲ့သော ပတ်ဝန်းကျင်ကို ထဲထဲဝင်ဝင် လေ့လာပြီး ဝေမျှခြင်းဖြင့် အကျိုးဆောင်သည်ဟု မြင်ပါကြောင်း.... ■

— အမှာစာ —




## ဇာတ်ဆရာရဲ့ ဇာတ်ကမ္ဘာ

ကိုဂျင်မီ
၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း

ဆရာဇော်သက်ထွေးက နောက်တစ်ခါလာပြန်ပြီ။ ဖြစ်ရပ်မှန်ဇာတ်လမ်း တစ်ပုဒ်။ မြေကမ္ဘာရဲ့အဆုံးက ကြယ်တွင်းဆိုပဲ။ သူနဲ့ ကျွန်တော် လုပ်ဖော်ကိုင်ဖက်တွေ အဖြစ်တစ်မျိုး၊ ညီရင်းအစ်ကိုလို တစ်ဖုံ၊ တိုင်ပင်ဖော် တိုင်ပင်ဖက်လို တစ်နည်း နေခဲ့ကြတာ နှစ် ၂၀ ကျော်ပေါ့။ သူ့ရဲ့ ထူးခြားချက်က ကြုံကြုံဖန်ဖန်တွေးပြီးတော့ ထူးထူးခြားခြား ရေးတတ်တဲ့ သဘာဝတွေရှိတယ်။ အခုပဲကြည့်...

မြေကမ္ဘာရဲ့ အဆုံးကကြယ်တွင်းဆိုတဲ့စကားက သူနဲ့ကျွန်တော် တောင် လေးလုံး အကျဉ်းထောင်မှာ အတူနေစဉ်က သူရှာတွေ့ခဲ့တာပါ။ စာရေးဆရာ၊ ဒါရိုက်တာ ဇော်သက်ထွေးဟာ မီဒီယာသမားလည်းဖြစ်တာကြောင့် သေဒဏ်ကျနေတဲ့ ပလောင်တိုင်းရင်းသားတွေကို စပ်စပ်စုစု မေးမြန်းရင်း မှတ်တမ်းတင်ခဲ့တာ ဖြစ်ပါတယ်။ အခုတော့ အဲဒီမှတ်တမ်းဟာ စိတ်ဝင် စားစရာကောင်းတဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်း စာအုပ်အဖြစ် ထုတ်ဝေနိုင်ခဲ့ပါပြီ။ ကျေးလက်နေ တိုင်းရင်းသားလူမျိုးစုတွေရဲ့ဓလေ့ ထုံးတမ်း သဘာဝတွေ အပါအဝင် ရိုးရိုးသားသားယုံကြည်မှုက စာဖတ်သူတွေ အားလုံးအတွက် အတွေ့အကြုံအသစ်နဲ့ အတွေးအမြင်အသစ်တွေကို ပေးနိုင်မှာ သေချာပါတယ်... ■



## မေ့ဖျောက်မရသော မျက်လုံးများ

ဇော်သက်ထွေး

ပထမအကြိမ် ထောင်ကျတော့ အင်းစိန်ထောင်မှ တောင်ငူထောင်သို့ ပြောင်းရွှေ့ခဲ့ရသည်။ တောင်ငူထောင်ထဲတွင် ကရင်လူမျိုးများနှင့်အတူ နေထိုင်ခဲ့ရသည်။ ဒုတိယအကြိမ် ထောင်ကျတော့ သေဒဏ်ဖြစ်နေ၍ ထောင်ပြောင်းခွင့် မပေးဘဲ အင်းစိန်ထောင်၌သာ နေထိုင်ခဲ့ရသည်။ တတိယအကြိမ် ထောင်ကျတော့ အလွန် အေးမြသည့် တောင်ကြီးထောင်သို့ ပို့ပစ်လိုက်သည်။ တောင်ကြီးထောင်ကို တောင်လေးလုံးထောင်ဟုလည်း ခေါ်သည်။

ဟဲပိုးလွင်ပြင်ထဲမှ ဆောင်းဦးမြောက်ပြန်လေသည် အရေပြားကို အစိတ်စိတ် အမွှာမွှာ ထိုးခွဲသော ဓားတစ်လက်လို ဖြစ်ခဲ့သည်။ နားရွက်ပေါ်ရင် နားရွက်အေး။ လက်ပေါ်ရင် လက်အေးဖြင့် အိပ်မရသော ဆောင်းညများစွာကို ဖြတ်ခဲ့ရသည်။ နောက်ဆုံး ထောင်ပိုင်၏ လိုက်လျောမှုကြောင့် အကျဉ်းတိုက်၏ သံတိုင်အပေါက်ကို ပလပ်စတစ်စ အဖြူဖြင့် ကာကွယ်ရ၍ အအေးဒဏ်က သက်သာခဲ့ရသည်။

တောင်ကြီးထောင်တွင် သုံးနှစ်ခန့် အနေကြာလာသောအခါ ရှမ်းပြည် ဆောင်းနှင့် အလွမ်းသင့်လာသည်။ ထို့အတူ ထောင်ထဲရှိ ရှမ်း၊ ပအိုဝ်၊ ပလောင်၊ ဓနု လူမျိုးများနှင့်လည်း ရင်းနှီးချစ်ခင်လာသည်။ ရိုးသားပြီး အေးချမ်းလှသည့် တိုင်းရင်း သားများနှင့် အတူနေထိုင်ရသည့်အတွက် ကျပ်တည်းလှသည့် ထောင်ဆိုတာကိုပင် တစ်ခါတရံ မေ့လျော့နေတတ်သည်။ တောင်ကြီးထောင်တွင် တွေ့ခဲ့သော တိုင်းရင်း သားများအနက် (၂) တိုက်အောက်ထပ်တွင်နေထိုင်သော သေဒဏ်ကျခံနေရသည့် ပလောင်တိုင်းရင်းသားများ၏ နောက်ဆုံး နှုတ်ဆက်လိုက်သည့် မျက်လုံးများကို ယခု အချိန်ထိ မေ့ဖျောက်၍မရ။

တောင်ကြီးထောင်တွင် နေစဉ်ကာလက ထောင်တွင်းစာကြည့်တိုက်လေး တစ်ခုကို ပျိုးထောင်ပေးရင်း မြန်မာစာ မဖတ်တတ်သေးသည့် အကျဉ်းသားများအတွက် ကိုမြအေး (ဖက်ဒရယ် ဒီမိုကရက်တစ် အင်အားစု) က သင်ပုန်းကြီးဖတ်စာအုပ်များကို မှာပေးသည်။ (၂) တိုက်က သေဒဏ်အကျဉ်းသားများကို စာသင်ပေးရုံသာမက စားရေးသောက်ရေးအတွက်ပါ စီစဉ်ပေးသည်။ နောက်ပိုင်းတွင် အပြင်မှ ဘောလုံးမှာကာ ညနေတိုင်း ဘောလုံးကစားကြသည်။ ဤသို့ဖြင့် နိုင်ငံရေးသမားများနှင့် သေဒဏ် အကျဉ်းသားများမှာ မိသားစုကြီးသဖွယ် ဖြစ်နေသည်။ ထိုအကျဉ်းသားများထဲမှ မန်တုံမြို့နယ်၊ ဖန်ခါးရွာသားများကို အထူးစိတ်ဝင်စားမိသည်။ ဗုဒ္ဓဘာသာကို အထူး ရိုသေကိုင်းရှိုင်းပြီးစိတ်သဘောထား နူးညံ့သည့် သူတို့ အဘယ်ကြောင့် သေဒဏ်ကျခဲ့ သနည်း။ ထိုအကြောင်းတွေကို စိတ်ရှည်လက်ရှည် မေးမြန်းပြီး အားလုံးသိလိုက်ရ ချိန်တွင် သူတို့၏ ကံကြမ္မာအတွက် စိတ်မကောင်း ဖြစ်မိသည်။

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် နံနက်က နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်း ချမ်းသာခွင့်ဖြင့် ကျွန်တော်တို့ အားလုံး လွတ်မြောက်သောအခါ သေဒဏ်တိုက်မှ မိတ်ဆွေအားလုံးကိုလည်း နှုတ်ဆက်ခဲ့ရသည်။ ထိုသို့ နှုတ်ဆက်နေချိန်တွင် သေဒဏ်မှ တစ်သက်တစ်ကျွန်းသို့ ပြစ်ဒဏ်ပြောင်းလဲခဲ့သော်လည်း မပျော်နိုင်ဘဲ ဝမ်းနည်း အားငယ်သော မျက်လုံးများဖြင့် ကျွန်တော်တို့ကို ကြည့်နေသည့် မျက်လုံးများကို ဘယ်လိုမှ မေ့ဖျောက်ပစ်၍မရ။

ယခုအချိန်ထိ တောင်ကြီးထောင်တွင် သူတို့ရှိနေသေးသည်။ ထို့အတွက် ကြောင့် "မြေကမ္ဘာအဆုံးက ကြယ်တွင်း" ကို ကျွန်တော်ရေးခဲ့ခြင်းဖြစ်သည်။

■